# ဒေါ်အောင်ဆန်းစုကြည် အမှုနဲ့ ပတ်သက်၍
# ဗိုလ်မှူးချုပ်ဟောင်း ကျော်ဇောရဲ့ ထုတ်ပြန်ကြေညာချက်

၁။ နအဖခေါင်းဆောင် ဗိုလ်သန်းရွှေကတော့ တပြည်လုံးပြည်သူတွေကိုရော တကမ္ဘာလုံးကိုရော ရန်လုပ်ပြီး ဒေါ်အောင်ဆန်းစုကြည်ကို ထောင်ချလိုက်ပါပြီ။ ဒါကို ကျွန်တော် ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုတ်ချလိုက်ပါတယ်။

၂။ နအဖ အနေနဲ့ ဒီလိုရုပ်ပျက်ဆင်းပျက် အဖြစ်ခံပြီး အမှုဆင်ပြီး ဒေါ်အောင်ဆန်းစုကြည်ကို ထောင်ချတာဟာ ၂၀၁၀ ခုမှာ ကျင်းပမယ့် ရွေးကောက်ပွဲအပေါ် သူတို့ကိုယ်သူတို့ ယုံကြည်မှုကင်းမဲ့နေတာကို ပြသပါတယ်။ ဒ့ါအပြင် ရွေးကောက်ပွဲ အနိုင်ရရေးအတွက် ဘာမဆိုလုပ်ဖို့ ဆုံးဖြတ်ထားတယ်ဆိုတာကို ပြသပါတယ်။ အရေးကြီးဆုံးကတော့ ၂၀၀၈ မေလတုန်းက ကျင်းပခဲ့တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေအတွက် လူထုဆန္ဒခံယူပွဲမှာ ရာခိုင်နှုန်း ၉၀ ကျော် ထောက်ခံမှု ရခဲ့တယ်ဆိုတာဟာ ပျက်လုံးတရပ်သာဖြစ်ကြောင်း ပြသလိုက်တာပါ။

၃။ နအဖရဲ့ ဒီလိုရုပ်ပျက်ဆင်းပျက် ဖြစ်မှုတွေကို ဗမာ့တပ်မတော်အတွင်းက မျိုးချစ်ပြည်ချစ်ပုဂ္ဂိုလ်များက ကျေနပ်နိုင်လိမ့်မယ်မဟုတ်ဘူးဆိုတာ ကျွန်တော် ယုံကြည်ပါတယ်။

၄။ နဝတ၊ နအဖ ဟာ အာဏာရှိရင် ဘာမဆို လုပ်လို့ရတယ်လို့ထင်ပြီး အမြော်အမြင်မဲ့တဲ့ အလုပ်တွေ လုပ်ခဲ့ကြလှပြီ။ တိုင်းပြည်နဲ့ပြည်သူလည်း နစ်နာလှကြပါပြီ။ တနပ်စားဉာဏ်နဲ့ ပြဿနာတွေကို ဖြေရှင်းခဲ့လို့ ပြဿနာက ခဏလောက်ပဲ ငုပ်သွားသလိုရှိပြီး ပုံစံတမျိုးနဲ့ ပြဿနာသစ် ပြန်ဖြစ်စေတာကလည်း မနည်းတော့ပါ။ အမြင်ကျဉ်းကျဉ်း တကိုယ်ကောင်းစိတ်နဲ့ ဆုံးဖြတ်ချက်အမှားတွေ လုပ်ခဲ့လို့ မမျိုနိုင်မထွေးနိုင်ဖြစ်နေတာကလည်း တပုံတပင် ဖြစ်နေပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ကို ထောင်ချရင် လူကိုပဲ ထောင်ချလို့ရမယ် စိတ်ဓာတ်ကို ထောင်ချလို့ မရပါဘူး။ နိုင်ငံတကာနဲ့ အထူးသဖြင့် အိမ်နီးချင်းတွေနဲ့ ကတောက်ကဆဖြစ်လာပါလိမ့်မယ်။ ဗမာပြည်ပြည်သူလူထုကလည်း လက်ပိုက်ပြီး ကြည့်နေကြမှာ မဟုတ်ပါဘူး။

၅ ။ ဒါကြောင့် ပြည်သူတွေရော ဗမာ့တပ်မတော်သားများကပါ ဒေါ်အောင်ဆန်းစုကြည်အပါ မတရားဖမ်းဆီးခံထားရသူ နိုင်ငံရေးအကျဉ်းသားအားလုံး လွှတ်မြောက်ရေးကို မိမိအရေးလို သဘောထားပြီး ရရာနေရာက လှုပ်ရှားကြဖို့ တိုက်တွန်းနှိုးဆော်လိုက်ပါတယ်။

ဗိုလ်ကျော်ဇော
နေ့စွဲ ၁၂ – ၈ – ၂၀၀၉